ပြည်ထဲရေး

# ပြည်ထဲရေး သတင်းလွှာ

အတွဲ (၁၉)၊ အမှတ် (၆) ၂၀၂၄ ခုနှစ်၊ ဇွန်လ (၁) ရက်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

(၇၈)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ၅-၅-၂၀၂၄ ရက်နေ့၊ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန **(MICC-2)** ၌ ကျင်းပခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်မိန့်ခွန်း ပြောကြားခဲ့ပါသည်။

### တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဦးဝဏ္ဏမောင်လွင်၊ ဒေါ်ဒွဲဘူ၊ မန်းငြိမ်းမောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့်







နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဌာနချုပ်မှ အရာရှိကြီးများနှင့် တပ်ဖွဲ့ဝင်များ၊ အငြိမ်းစား မီးသတ်တပ်ဖွဲ့ဝင် အရာရှိကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ သန္ဓေ၊ အရန်၊ သီးသန့် မီးသတ် တပ်ဖွဲ့ဝင်များ၏ ကိုယ်စားလှယ်များ၊ ထူးချွန်ဆုရရှိကြ သည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ၇၈ နှစ်တိုင်ခဲ့ပြီ

သမိုင်းကြောင်းအရ ၁၉၄၆ ခုနှစ်၊ မေလ ၅ ရက်နေ့ တွင် မြန်မာတစ်နိုင်ငံလုံးရှိ စေတနာ့ဝန်ထမ်း မီးသတ် တပ်ဖွဲ့များ၏ ခရိုင်၊ မြို့နယ်အဆင့် မီးသတ်အစည်းအရုံး ခွဲများအား စုစည်းပြီး ရန်ကုန်မြို့၊ ကန်တော်ကလေးတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည့် ပထမဆုံးအကြိမ် "ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးညီလာခံကြီး"၏ အစည်းအဝေးဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံး ညီလာခံကျင်းပခဲ့သည့် မေလ ၅ ရက်နေ့ကို အစွဲပြုပြီး "မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့" အဖြစ် သတ်မှတ်ကျင်းပလာခဲ့သည်မှာ ယခု ၂၀၂၄ ခုနှစ်၊ မေလ ၅ ရက်နေ့သည် (၇၈)နှစ်ပြည့်မြောက်သည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့သို့ ရောက်ရှိခဲ့သည်။

### ဂုဏ်ပြုချီးမြှင့်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က "မီးသတိပြု"ဂန္ထဝင် တေးသီချင်းသီဆိုသူ နိုင်ငံကျော်တေးသံရှင် ဦးထွန်းရွှေ အသက် ၉၃ နှစ်၊ မီးဘေးလုံခြုံရေးလုပ်ငန်းများကို နှစ်ကာလကြာရှည်စွာ စေတနာ့ဝန်ထမ်းတာဝန် ထမ်း ဆောင်ခဲ့သည့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အရန် မီးသတ်တပ်ဖွဲ့မှ အရန်မီးသတ်ဒုတိယတပ်ရင်းမှူး ဦးချစ်လှိုင် အသက် ၉၃ နှစ်နှင့် စစ်မှုထမ်း(အငြိမ်းစား) မီးသတ်ဝန်ထမ်း(အငြိမ်းစား) ဦးထွန်းကြည် အသက် ၉၃ နှစ်တို့အားလည်းကောင်း၊ မြန်မာနိုင်ငံအတွင်း မီးဘေး လုံခြုံရေးလုပ်ငန်းများအား သက်တမ်းအကြာဆုံး စေတနာ့ ဝန်ထမ်းဆောင်ရွက်ခဲ့သည့် အရန်မီးသတ်စခန်းသုံးခုတို့မှ

နောက်ကျောဖုံးသို့

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထဲရေး ဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကျင်းပပြုလုပ်**

စာ(၄)သို့

**ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင် ဒုတိယ ရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၁၆/၂၀၂၃) သင်တန်း ဆင်းပွဲ အခမ်းအနားတက်ရောက်**

စာ(၅)သို့

**ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အုတ်ပုံဆိပ်လမ်းရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်ဝင်း၌ (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား ကျင်းပပြုလုပ်**

စာ(၁၂)သို့

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းရဲတက္ကသိုလ်သို့ သွားရောက်လေ့လာတက်ရောက်ကာ မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် ယွမ် ၅ သန်းတန်ဖိုးရှိ အကူအညီပေးရေးစာလွှာအား လက်မှတ်ရေးထိုးလဲလှယ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက ချီးမြှင့်ပေးအပ်သော အမြင့်ဆုံးဆုတံဆိပ်ဖြစ်သည့် Golden Great Wall Commemorative Medal ဆုတံဆိပ်အား လက်ခံရယူ



၂၅-၄-၂၀၂၄ ရက်နေ့တွင် နှစ်နိုင်ငံဝန်ကြီးအဆင့် အစည်းအဝေးပြုလုပ်နေစဉ်




Golden Great Wall Commemorative Medal အား ပြည်ထောင်စုဝန်ကြီးလက်ခံရယူစဉ်




တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနတို့ ထောက်ပံ့မှုဆိုင်ရာ စာချုပ်အား လက်မှတ်ရေးထိုးနေစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာန၊ ဝန်ကြီး **H.E. Mr. Wang Xiao Hong** ၏ ဖိတ်ကြားချက်အရ ၂၄-၄-၂၀၂၄ ရက်နေ့မှ ၂၉-၄-၂၀၂၄ ရက်နေ့အထိ မြန်မာ-တရုတ် နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်နိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ် သွားရောက်ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံ၊ ပေကျင်းမြို့သို့ ၂၄-၄-၂၀၂၄ ရက်နေ့၊ ၂၀၅၅ အချိန်တွင် ရောက်ရှိခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာန ဒုတိယဝန်ကြီး



တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်း အလုပ်သဘောခရီးစဉ်သွားရောက်ခဲ့စဉ်

**Mr. Xu Datong**၊ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ စစ်သံမှူးကြီး တရုတ်ပြည်သူ့သမ္မတ နိုင်ငံဆိုင်ရာ ဗိုလ်မှူးချုပ် ဇော်ဇော်နိုင်တို့က ကြိုဆိုခဲ့ကြသည်။

**စာမျက်နှာ (၁၅)သို့**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အလုပ်သဘောခရီးစဉ်မှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဝမ်ရှောင်ဟုန် **(H.E. Mr. Wang Xiao Hong)** ၏ ဖိတ်ကြားချက်အရ ၂၄-၄-၂၀၂၄ ရက်နေ့မှ ၂၉-၄-၂၀၂၄ ရက်နေ့အထိ မြန်မာ-တရုတ် နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်နိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ် သွားရောက်ခဲ့ပြီး ၂၉-၄-၂၀၂၄ ရက်နေ့တွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး **Mr. Chen Hai**၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်နှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆို နှုတ်ဆက်ကြသည်။

တရုတ်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၆-၄-၂၀၂၄ ရက်နေ့၊ ၁၂၃၅ အချိန်တွင် **Beijing Capital** အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လာဆာ **(Lhasa)** မြို့သို့ ထွက်ခွာခဲ့ပြီး **Lhasa Gongga** လေဆိပ်သို့ ၁၆၅၀ အချိန်တွင် ရောက်ရှိခဲ့ရာ တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဒုတိယရဲတပ်ဖွဲ့မှူး မစ္စတာ ကျူးရှိုခဲ **(Mr. Zhu Shouke)** ဦးဆောင်သောအဖွဲ့မှ ကြိုဆိုခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရဲတပ်ဖွဲ့မှူး မစ္စတာ ကျန်းဟုန်ပေါ **(Mr. Zhang Hongbo)** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ ဝန်ကြီးဌာန နှစ်ခုအကြား ဝန်ကြီးအဆင့် သဘောတူညီချက်များအပေါ် ဆက်လက်အကောင်အထည်ဖော်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီးနောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရဲတပ်ဖွဲ့မှူး **Mr. ZhangHongbo** တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

၂၇-၄-၂၀၂၄ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ **UNESCO** စာရင်းဝင် အထင်ကရနေရာတစ်ခုဖြစ်သည့် **Potala Palace** နှင့် တာ့ကျောင်းဘုန်းတော်ကြီးကျောင်းသို့ သွားရောက်လေ့လာခဲ့ကြသည်။ ထို့နောက် တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရဲကောလိပ်သို့ သွားရောက်ပြီး သင်တန်းသားများ၏ လက်တွေ့လေ့ကျင့်မှုအစီအစဉ်များကိုလည်းကောင်း၊ ကျားရှီး **(Zhaxi)** ရဲစခန်းသို့ သွားရောက်ပြီး အမျိုးသားမှတ်ပုံတင်ကတ်ပြုလုပ်ခြင်းနှင့် ရဲလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ တိဗက်ပြည်နယ် အကြမ်းဖက်နှိမ်နင်းရေးဌာနသို့ သွားရောက်ပြီး မိုင်းရှင်းလင်းရေးလေ့ကျင့်ခန်းများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးစီးနင်းဝင်ရောက်နှိမ်နင်းမှု လေ့ကျင့်ခန်းများနှင့် လက်ဖြောင့်တပ်သားများ၏ လေ့ကျင့်ပစ်ခတ်မှုများကိုလည်းကောင်း လေ့လာခဲ့ကြသည်။

၂၈-၄-၂၀၂၄ ရက်နေ့၊ ၁၁၂၅ အချိန်တွင် ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လာဆာ **(Lhasa)** မြို့မှ စီချွမ်းပြည်နယ်၊ ချန်ဒူးမြို့သို့ ထွက်ခွာခဲ့ရာ ချန်ဒူးမြို့သို့ ၁၃၄၀ အချိန်တွင် ရောက်ရှိခဲ့ပြီး ထိုမှတစ်ဆင့် ကွမ်တုံးပြည်နယ်၊ ကွမ်ကျိုးမြို့သို့ ဆက်လက်ထွက်ခွာခဲ့ရာ ၁၇၃၀ အချိန်တွင် ရောက်ရှိခဲ့ကာ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ကွမ်တုံးပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး မစ္စတာ ဟွမ်ကော်ဟွေး **(Mr. Huang Guohui)** ဦးဆောင်သော အဖွဲ့မှ ကြိုဆိုခဲ့ကြသည်။

ထို့နောက် ၁၈၄၀ အချိန်တွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကွမ်တုံးပြည်နယ် ရဲတပ်ဖွဲ့မှူး မစ္စတာလျိုကော်ကျိုး **(Mr. Liu Guozhou)** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံပြီး အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ ပပျောက်ရေး၊ နိုင်ငံဖြတ်ကျော်မှုခင်းများကို ပူးပေါင်းတိုက်ဖျက်ရေး၊ နယ်စပ်နေပြည်သူများ ဘေးကင်းလုံခြုံရေး၊ နှစ်နိုင်ငံဝန်ကြီးဌာနနှစ်ခုအကြား ဝန်ကြီးအဆင့် သဘောတူညီချက်များအပေါ် ဆက်လက်အကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ အပြန်အလှန်ဆက်ဆံနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီးနောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကျူးမြစ်အတွင်း လှည့်လည် လေ့လာခဲ့ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ တရုတ်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံဝန်ကြီးဌာနနှစ်ခုအကြား ပူးပေါင်းဆောင်ရွက်မှုများအပေါ် အပြုသဘောဆောင်သည့် ရလဒ်များကို ရရှိခဲ့ကြောင်း သတင်းရရှိသည်။

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကျင်းပပြုလုပ်






အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ၇-၅-၂၀၂၄ ရက်နေ့၊ နံနက်ပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးစစ်အေး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင် ဦးကျော်စိုးလင်း၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တပ်ဖွဲ့၊ ဦးစီးဌာနများမှ ဝန်ထမ်း(၄၂၀)ဦး တက်ရောက်ခဲ့ကြသည်။

ပထမဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အဖွင့်အမှာစကား ပြောကြားရာ၌ အဂတိလိုက်စားမှုသည် နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို နှောင့်ယှက်ဟန့်တားလျက် ရှိသည့်အတွက် နိုင်ငံတော်အစိုးရ၏ မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်နေကြသည့် ဝန်ထမ်းများအား အဂတိလိုက်စားမှုကို လက်မခံသည့်၊ ဖြောင့်မတ်တည်ကြည်မှုရှိသည့် အသိုက်အဝန်းဖော်ဆောင်နိုင်ရန် အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အဂတိလိုက်စားမှုကို တိုက်ဖျက်ရေးကော်မရှင်အနေဖြင့်လည်း ဝန်ထမ်းများအား အဂတိလိုက်စားမှု၏ ဆိုးကျိုးသက်ရောက်မှုများကို သိရှိ ရှောင်ကြဉ်နိုင်စေရန် ဘက်စုံ၊ ကဏ္ဍစုံမှ အသိပညာပေး ဆောင်ရွက်လျက်ရှိသည်ကို သိရှိရသည့်အတွက် များစွာ အားရမိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် တာဝန် ထမ်းဆောင်ရာတွင် အဂတိတရားကင်းစင်စွာဖြင့် အများ ပြည်သူအကျိုး ရှေးရှုဆောင်ရွက်စေလိုကြောင်း ပြောကြား ခဲ့ပါသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက အဖွင့်အမှာစကား ပြောကြားရာ၌ ကော်မရှင်အနေဖြင့် အဂတိကို လက်မခံ သည့် ဖြောင့်မတ်တည်ကြည်မှုရှိသည့် လူမှုအသိုက်အဝန်း ဖန်တီးဖော်ဆောင်နိုင်စေရန် ရည်ရွယ်၍ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားများကို ဆောင်ရွက်လျက် ရှိပါကြောင်း၊ အဂတိလိုက်စားမှုသည် မိမိအား ပေးအပ်ထားသည့် ရာထူး၊ လုပ်ပိုင်ခွင့်အာဏာကို ကိုယ်ကျိုး စီးပွားအတွက် အသုံးပြုခြင်းဖြစ်သည့်အတွက် ကိုယ်ကျင့် တရားပျက်ယွင်းခြင်းပင် ဖြစ်ပါကြောင်း၊ အဂတိ လိုက်စားမှုကြောင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နစ်နာစေပါကြောင်း၊ ကော်မရှင်အနေဖြင့် အဂတိ လိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူဆောင်ရွက်လျက်ရှိရာ အဂတိ လိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးကဏ္ဍကို တိုးချဲ့ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများလိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်နှင့် လမ်းညွှန်မှုများ သိရှိနိုင်စေမည်ဖြစ်ပါကြောင်း၊ အဂတိ လိုက်စားမှုတိုက်ဖျက်ရာတွင် ကဏ္ဍစုံမှ ဂုဏ်သိက္ခာ မြင့်မားတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တာဝန်ရှိပါကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။

ထို့နောက် ဥပဒေရေးရာဌာနခွဲမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထွေးက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် စပ်လျဉ်း၍လည်းကောင်း၊ အသိပညာပေးရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမိုးက အဂတိလိုက်စားမှု၏ သဘောသဘာဝများနှင့်စပ်လျဉ်း၍လည်းကောင်း၊ တားဆီး ကာကွယ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်နန်းရတနာထွန်းက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ် များနှင့်စပ်လျဉ်း၍လည်းကောင်း၊ သတင်း၊ တိုင်ကြားစာနှင့် မှတ်တမ်းဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးမော်က တိုင်ကြားစာကဏ္ဍနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်း ဆွေးနွေးခဲ့ကြပါသည်။

၎င်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်း ခေါင်းဆောင်၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့(**Corruption Prevention Unit-CPU**)များနှင့် တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက် ရာတွင် ကြုံတွေ့ရသည့်အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။



# ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင် ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၁၆/၂၀၂၃) သင်တန်းဆင်းပွဲ အခမ်းအနားတက်ရောက်





ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲသီဟတပ်ခွဲ၏ ဒုတိယရဲအုပ်လောင်း သင်တန်း အမှတ်စဉ်(၁၁၆/၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနားကို ၃-၅-၂၀၂၄ ရက်နေ့ ၀၇၃၀ အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရဲအရာရှိ လေ့ကျင့်ရေးကျောင်း၊ စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင် တက်ရောက်ခဲ့ပါသည်။

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်သည် ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကို ခံယူကာ သင်တန်းဆင်းတပ်ခွဲအားစစ်ဆေးခဲ့ပြီး ဒုတိယရဲအုပ်လောင်းများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြပါသည်။ ယင်းနောက် ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်က အကောင်းဆုံးကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်း ဇက်နင်ဆိမ်း၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဖြိုးဇော်ထက်၊ ဥပဒေဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း နီလာဗိုလ်၊ ကွန်ပျူတာဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း လပြည့်ဝင်း၊ အင်္ဂလိပ်စာထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဇက်နင်ဆိမ်းတို့အား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ထို့နောက် ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က အမှာစကားပြောကြားရာတွင် သင်တန်းဆင်း ဒုတိယရဲအုပ်လောင်းများအနေဖြင့် တပ်ဖွဲ့အသီးသီးတွင် ခေါင်းဆောင်ငယ်များအဖြစ် စတင်တာဝန်ထမ်းဆောင်ကြရမည့်သူများဖြစ်သည့်အတွက် ခေါင်းဆောင်မှုအင်္ဂါရပ်(၁၆)ရပ်နှင့်အညီ နေထိုင်ကျင့်ကြံပြီး ဥပဒေနှင့်ညီညွတ်သော အမိန့်၊ မျှတသောဆုံးဖြတ်ချက်များနှင့် အဂတိတရားကင်းရှင်းစွာဖြင့် မိမိလက်အောက်အား ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်ပြီး ပြည်သူတို့ဘဝ အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရည်မှန်းချက်တာဝန်(၄)ရပ်ကို အလေးထား အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များသည် ပြည်တွင်းလုံခြုံရေးကို နောင်တော်တပ်မတော်နှင့်အတူ ဆောင်ရွက်နေကြသည်ဖြစ်သည့်အတွက် စစ်ဆင်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ နိုင်ငံနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် အသက်နှင့် ခန္ဓာကိုယ် စွန့်လွှတ်စွန့်စားရဲသည့် ရဲစွမ်းသတ္တိများနှင့် ပြည့်စုံနေစေရန် မှာကြားလိုကြောင်း၊ ရပ်ရွာအေးချမ်းသာယာရေးအတွက် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့အနေဖြင့် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရမည့်အပြင် ပြည်သူများစိတ်အေးချမ်းသာယာစွာဖြင့် အသက်မွေးဝမ်းကြောင်းမှုကို ကောင်းမွန်စွာ လုပ်ကိုင်နေထိုင်နိုင်ရန်အတွက် မူခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်(၆)ရပ်အား မိမိတာဝန်ယူရသည့်နယ်မြေအတွင်း ဒေသနှင့် ကိုက်ညီသည့်နည်းလမ်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းလက်တွဲ၍ မူးယစ်ဆေးဝါးပပျောက်သည့်အထိ တားဆီးကာကွယ်ရေး၊ စုံစမ်းဖော်ထုတ်အရေးယူရေး လုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး တပ်ဖွဲ့ဝင်များအနေဖြင့် လူမှုရေးလုပ်ငန်းများ၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် ကျရောက်မှုများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။

ထို့အပြင် ရဲတပ်ဖွဲ့ဝင်များ စွမ်းရည်ပြည့်ဝထက်မြက်နေစေရန်အတွက် **လေ့လာ၊ လေ့ကျင့်၊ လိုက်နာ** ဆိုသည့် လေ့ကျင့်ရေးမူဝါဒနှင့်အညီ ပြောင်းလဲတိုးတက်လာသည့် ရဲလုပ်ငန်းစနစ်များ၊ စစ်နည်းဗျူဟာများနှင့် စစ်အတတ်ပညာများကို စဉ်ဆက်မပြတ်လေ့လာနေရန်လိုအပ်ကြောင်း၊ တပ်ဖွဲ့ဝင်အားလုံး လေ့ကျင့်သားပြည့်ဝနေစေရန် တပ်ဖွဲ့အလိုက် တစ်ဦးချင်းကိုင်တွယ်ရမည့် လက်နက်နှင့် ရဲတပ်ဖွဲ့သုံးကိရိယာများကို ကျွမ်းကျင်ပိုင်နိုင်ရေး လိုအပ်သည့်လေ့ကျင့်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ဆန်းသစ်ပြောင်းလဲတိုးတက်မှုနှင့်အညီ လိုက်ပါဆောင်ရွက်နိုင်ရန် အင်္ဂလိပ်ဘာသာစကားအပါအဝင် အခြားဘာသာစကားများ၊ ကွန်ပျူတာ၊ အင်တာနက်နည်းပညာဆိုင်ရာ ပညာရပ်များကိုလည်း ပိုမိုတိုးတက်ကျွမ်းကျင်အောင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ သင်တန်းကျောင်းများက သင်ကြားလေ့ကျင့်ပေးမှုများနှင့် ကိုယ်တိုင်အားထုတ်မှုများမှရရှိလာသည့် လေ့လာလေ့ကျင့်မှုများကို သင်တန်းကာလအတွက်သာမဟုတ်ဘဲ စဉ်ဆက်မပြတ် လိုက်နာကျင့်သုံးသွားကြရန် အလေးအနက်ထား မှာကြားလိုကြောင်း၊ အမျိုးသမီးရဲအရာရှိများအနေဖြင့်လည်း မိမိတို့ရောက်ရှိ တာဝန်ထမ်းဆောင်ကြရမည့် လက်တွေ့နယ်ပယ်တွင် လေ့လာသင်ကြားပျိုးထောင်ပေးလိုက်သည့် ပညာရပ်များကို အခြေခံပြီး လက်တွေ့ဘဝနှင့် ပေါင်းစပ်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိပကတိအခြေအနေများနှင့် ကိုက်ညီသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ချမှတ်ကာ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ရဲတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များကို သိရှိနားလည်ပြီး ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ လိုက်နာရမည့် အစဉ်အလာကောင်း(၁၂)ရပ်တွင်ပါရှိသည့် **နိုင်ငံတော်တွင် အရေးကြုံတိုင်း နောင်တော်တပ်မတော်နှင့် တစ်စိတ်တစ်ဝမ်းတည်းလက်တွဲ၍ ကာကွယ်စောင့်ရှောက်ခဲ့သည့် တပ်ဖွဲ့ဖြစ်သည်** ဟူသည့်အချက်နှင့်အညီ တပ်မတော်နှင့်အတူလက်တွဲ၍ လက်ရှိနိုင်ငံတော်၏ အခြေအနေကို တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း စသည်ဖြင့် တိုက်တွန်းအမှာစကားပြောကြားခဲ့ပါသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ ရဲထောက်ပံ့ရေးအရာရှိချုပ် ရဲမှူးချုပ် မြင့်တိုးနှင့် ရဲအရာရှိကြီးများ၊ ဗဟိုမီးသတ်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး အဆိုပါ ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ် (၁၁၆)ရဲသီဟတပ်ခွဲတွင် တပ်တွင်းဘွဲ့ရအမျိုးသား(၂၃၂)ဦး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အမျိုးသား(၂)ဦး၊ တပ်တွင်းဘွဲ့ရအမျိုးသမီး (၁၁၀)ဦး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အမျိုးသမီး(၁)ဦး၊ စုစုပေါင်း(၃၄၅)ဦးတို့ကို သင်တန်းဆင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

## ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများပေးအပ်

ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သန်းသည် ၁၂-၄-၂၀၂၄ ရက်နေ့၊ ၁၂၀၀ အချိန်တွင် ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)ရှိ အရာထမ်း၊ အမှုထမ်း (၅၉၇)ဦးအတွက် တစ်ဦးလျှင် ဆီ(၅၀)သား၊ ကြက်ဉ(၁၀)လုံးနှင့် ဘဲဉ(၅)လုံး၊ စုစုပေါင်းတန်ဖိုးငွေ ၃,၁၀၄,၄၀၀ိ/- (ကျပ်သုံးဆယ့်တစ်သိန်းလေးထောင့်လေးရာတိတိ) ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ဝန်ထမ်းဆန္ဒဖော်ထုတ်ပွဲ(ဒါဘာ) အခမ်းအနားကျင်းပ

ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ၃-၅-၂၀၂၄ ရက်နေ့၊ ၁၄၀၀ အချိန်တွင် ဝန်ထမ်းဆန္ဒဖော်ထုတ်ပွဲ(ဒါဘာ) အခမ်းအနားကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းဝန်ထမ်းများ၊ စုစုပေါင်းအင်အား (၂၂၄)ဦးတို့ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအခမ်းအနားတွင် ပြည်နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားခြင်း၊ ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးများက လုံခြုံရေး၊ စီမံခန့်ခွဲရေး၊ အထွေထွေဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှာကြားခြင်း၊ ဌာနခွဲ၊ ဌာနစုအလိုက် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းညှိနှိုင်းခြင်းနှင့် ဝန်ထမ်းများအတွက် မေတ္တာလက်ဆောင်ကံစမ်းမဲဖောက်ပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၄)/လက်ထောက်ညွှန်ကြားရေးမှူး လုပ်ငန်းအကြိုသင်တန်းအမှတ်စဉ်(၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကျင်းပ



ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ မင်္ဂလာဒုံမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်းခန်းမ၌ ၆-၅-၂၀၂၄ ရက်နေ့၊ ၀၇၄၅ အချိန်တွင် စီမံခန့်ခွဲရေးဝန်ထမ်း အဆင့်(၄)/လက်ထောက်ညွှန်ကြားရေးမှူးလုပ်ငန်းအကြိုသင်တန်းအမှတ်စဉ်(၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး၊ မြန်မာနိုင်ငံအထွေထွေအုပ်ချုပ်ရေးဝန်ထမ်းဟောင်းများအသင်းနာယကနှင့် တွဲဖက်အတွင်းရေးမှူး၊ ဒုတိယကျောင်းအုပ်ကြီး၊ နည်းပြမှူးချုပ်နှင့် နည်းပြအရာရှိများ၊ သင်တန်းသား/သူများ၊ စုစုပေါင်းအင်အား(၃၀)ဦးတို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## မြန်မာနှစ်သစ်ကူး အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲ အခမ်းအနားကျင်းပ



ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ လားရှိုးမြို့၊ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်း၌ ၂၂-၄-၂၀၂၄ ရက်နေ့၊ ၀၉၀၀ အချိန်တွင် မြန်မာနှစ်သစ်ကူး အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲ အခမ်းအနားကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမြင့်သန်းဝင်းသည် ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ ပြည်နယ်ဒုတိယ/ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းဝန်ထမ်းများနှင့်အတူ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအခမ်းအနားတွင် ဆရာတော်များထံမှ ငါးပါးသီလခံယူခြင်း၊ ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များရွတ်ဖတ်ခြင်းနှင့် ဆရာတော်ကြီးများအား ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းတို့ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မြို့နယ်အဆင့်ပန်းချီပြိုင်ပွဲနှင့် ကာတွန်းပြိုင်ပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း စုံညီခန်းမ၌ ၂၄-၄-၂၀၂၄ ရက်နေ့၊ ၀၉၃၀ အချိန်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မြို့နယ်အဆင့်ပန်းချီပြိုင်ပွဲနှင့် ကာတွန်းပြိုင်ပွဲကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးလွင်(ခရိုင်အုပ်ချုပ်ရေးမှူး)၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဆရာ/မများနှင့် ကျောင်းသား/သူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါပြိုင်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူးက ကျောင်းသား/သူများ၏ ပန်းချီနှင့်ကာတွန်းရေးဆွဲနေမှုအခြေအနေများအား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှုအခြေအနေအား ကြည့်ရှုအားပေး

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်-၂ ရပ်ကွက်၊ စည်ပင်ရုံးလမ်းဆုံမှ ဆေးရုံကုန်းအတက်လမ်းတစ်လျှောက်၌ ၄-၅-၂၀၂၄ ရက်နေ့၊ ၀၈၀၀အချိန်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးပါဝင်သောအဖွဲ့များမှ အမှိုက်များနှင့် သစ်ကိုင်းများရှင်းလင်းနေမှု အခြေအနေများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းစိုး (မြို့နယ်အုပ်ချုပ်ရေးမှူး)သည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူနှင့်အတူ ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## အင်းစိန်ဗဟိုအကျဉ်းထောင်တွင် နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်သင်ကြား




ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်တွင် နွေရာသီယဉ်ကျေး လိမ္မာသင်တန်းဖွင့်ပွဲအခမ်းအနားအား ၂-၅-၂၀၂၄ ရက်နေ့ ၀၉၃၀ အချိန်တွင် ညွှန်ကြားရေးမှူးချုပ်ရုံးဟောင်း အစည်းအဝေးခန်းမ(၁)၌ ကျင်းပပြုလုပ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးမျိုးဦး၊ အင်းစိန်ဗဟိုအကျဉ်းထောင်တာဝန်ခံအရာရှိ ဦးဇော်လင်းအောင်၊ အကျဉ်းထောင်အရာရှိများ၊ ဝန်ထမ်းများ၊ မိသားစုစည်းရုံးရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်များ၊ ယဉ်ကျေးလိမ္မာသင်တန်းသို့တက်ရောက်မည့် ကလေးငယ် ၁၅၀ ဦးတို့ တက်ရောက်ခဲ့ကြပါသည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး၊ အင်းစိန်ဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိနှင့်ဇနီးတို့မှ သင်တန်းတက်ရောက်မည့်ကလေးများအား ယဉ်ကျေးလိမ္မာစာအုပ်များ ပေးအပ်ခဲ့ပါသည်။

ယဉ်ကျေးလိမ္မာသင်တန်းအား အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်မှ ဆရာတော် ဘဒ္ဒန္တနန္ဒမာလာနှင့် နည်းပြဆရာတော်(၁)ပါး၊ အောင်မင်္ဂလာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥတ္တမ တို့မှ တနင်္လာနေ့မှ တနင်္ဂနွေနေ့ထိ နေ့စဉ် ၀၉၀၀ အချိန်မှ ၁၁၀၀ အချိန်ထိ အမှတ်(၁၃)အခြေခံပညာအလယ်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

## "အ" သုံးလုံးသင်တန်းများ ဖွင့်လှစ်သင်ကြား



အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းများတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော စာမတတ်မြောက်သူ အကျဉ်းသား/သူများသည် ပြင်ပနယ်ပယ်သို့ရောက်ရှိပါက စာပေမတတ်မြောက်မှုကြောင့် စိတ်အားငယ်မှုမရှိစေရန်အတွက် လူမှုပတ်ဝန်းကျင်တွင် လူတန်းစေ့နေနိုင်စေရန်ရည်ရွယ်၍ သင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ရှမ်းပြည်နယ်ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ ညောင်ရွှေအကျဉ်းထောင်တွင် **"အ"**သုံးလုံးသင်တန်းအမှတ်စဉ်(၁/၂၀၂၄)အား ၆-၅-၂၀၂၄ ရက်နေ့မှ ၂၈-၆-၂၀၂၄ ရက်နေ့အထိ အကျဉ်းသား ၄၅ ဦးဖြင့်လည်းကောင်း၊ ကျိုင်းတုံအကျဉ်းထောင်တွင် **"အ"**သုံးလုံးသင်တန်းအမှတ်စဉ်(၂/၂၀၂၄)အား ၆-၅-၂၀၂၄ ရက်နေ့မှ ၂၈-၆-၂၀၂၄ ရက်နေ့အထိ အကျဉ်းသား ၃၀ ဦး၊ အကျဉ်းသူ ၂၀ ဦးတို့ဖြင့်လည်းကောင်း၊ **"အ"**သုံးလုံးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိပါသည်။

## အင်းစိန်ဗဟိုအကျဉ်းထောင်တွင် (၆၃၉)ကြိမ်မြောက်တရားပွဲကျင်းပပြုလုပ်

ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်တွင် အကျဉ်းသား/အချုပ်သားများ စိတ်ပိုင်းဆိုင်ရာ နူးညံ့သိမ်မွေ့လာစေရေးအတွက် ဘာသာရေးနည်းလမ်းဖြင့်ဆောင်ရွက်လျက်ရှိပါသည်။ ၅-၅-၂၀၂၄ ရက်နေ့ ၀၈၂၅ အချိန်၌ (၆၃၉)ကြိမ်မြောက် အပတ်စဉ်တရားပွဲအား ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဘဒ္ဒန္တပဏ္ဍိတ(မဟာဂန္ထဝါစကပဏ္ဍိတ) (စလင်းဆရာတော်)မှ ကြွရောက်၍ လောကီလောကုတ္တရာနှစ်ဖြာ အကျိုးရရှိစေခြင်းနှင့် လောဘ၊ ဒေါသ၊ မောဟကင်းစင်စေခြင်းအလို့ငှာ **"လောကမှာဘယ်သူ့ကိုအချစ်ဆုံးလဲ"** တရားတော်အား ဟောကြားချီးမြှင့်ပေးခဲ့ပါသည်။ အခမ်းအနားသို့ အကျဉ်းထောင် အရာထမ်း/အမှုထမ်းများနှင့် အကျဉ်းသား/အချုပ်သားများ စုစုပေါင်းအင်အား ၂၃၂ ဦးတို့ တက်ရောက်ခဲ့ပြီး ငါးပါးသီလခံယူခြင်း၊ သင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ်အစရှိသည့် လှူဖွယ်ဝတ္ထုများ၊ နဝကမ္မအလှူတော်ငွေများလှူဒါန်းခြင်းနှင့် ဆရာတော်ကြီးအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။



## ပြင်ပကျန်းမာရေးအဖွဲ့များမှ အကျဉ်းထောင်၊ စခန်းများသို့ ကျန်းမာရေးစစ်ဆေးကုသစောင့်ရှောက်ပေးမှု

အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ စခန်းအသီးသီးတွင် ပြင်ပကျန်းမာရေးအဖွဲ့များ၊ ကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်း၍ လစဉ်ကျန်းမာရေးစစ်ဆေးကုသပေးလျက်ရှိရာ တောင်ငူခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးမှ ဒေါက်တာ ဒေါ်မိမိခင်ဦးဆောင်သော ကျန်းမာရေးအဖွဲ့သည် တောင်ငူအကျဉ်းထောင်သို့ ၂၉-၄-၂၀၂၄ ရက်နေ့တွင် ရောက်ရှိလာခဲ့ပြီး အကျဉ်းသား/သူ၊ အချုပ်သား/သူများအား HIV နှင့် TB ရောဂါ ရှာဖွေစစ်ဆေးခြင်းနှင့် အခြားကျန်းမာရေးစောင့်ရှောက်ပေးမှုများ ဆောင်ရွက်ပေးခဲ့ပါသည်။ အလားတူ ပဲခူးတိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တီဘီရောဂါတိုက်ဖျက်ရေးဌာန၊ ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးဌာနနှင့် ဒိုက်ဦးမြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ဆေးရုံအုပ် ဒေါက်တာ ဒေါ်မိုးမိုးအေးပါ အဖွဲ့ဝင် ၁၆ ဦးတို့သည် ဒိုက်ဦးအကျဉ်းထောင်ရှိ အကျဉ်းသား/သူ၊ အချုပ်သူများအား ၂၄-၄-၂၀၂၄ ရက်နေ့မှ ၂၆-၄-၂၀၂၄ ရက်နေ့အထိ ကျန်းမာရေးစောင့်ရှောက်ပေးမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။




# ဒုတိယကြီးကြပ်ရေးမှူးသင်တန်းအမှတ်စဉ်(၁၅) သင်တန်းဖွင့်ပွဲအခမ်းအနားပြုလုပ်

အကျဉ်းဦးစီးဌာန၊ ရုံး၊ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများစွမ်းရည် (၄)ရပ်ပြည့်ဝစေရေးအတွက် သင်တန်းများဖွင့်လှစ်လေ့ကျင့်သင်ကြား ပေးလျက်ရှိပါသည်။ အကျဉ်းဦးစီးဌာန၊ ရုံးအမှတ်(၄၉) နေပြည်တော်တွင် ဒုတိယကြီးကြပ်ရေးမှူးသင်တန်းအမှတ်စဉ်(၁၅)အား သင်တန်းသား ၂၅ ဦးဖြင့် ၂၂-၄-၂၀၂၄ ရက်နေ့မှ ၁၂-၇-၂၀၂၄ ရက်နေ့အထိ ရက်သတ္တ(၁၂)ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားကို ၂၂-၄-၂၀၂၄ ရက်နေ့ ၀၇၀၀အချိန်တွင် အကျဉ်းဦးစီးဌာန၊ ရုံးအမှတ်(၄၉) နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနိုင်ဝင်း တက်ရောက်၍ သင်တန်းအဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားသို့ ဌာနဆိုင်ရာအရာရှိများ၊ နည်းပြများနှင့် သင်တန်းသားများ စုစုပေါင်းအင်အား ၄၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## အခြေခံစားသောက်ကုန် ထောက်ပံ့ပေးအပ်

### ပဲခူးတိုင်းဒေသကြီး

၇-၅-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး ရုံး၊ စည်းရုံးရေးကော်မတီနှင့် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ စီစဉ်ညွှန်ကြားမှုဖြင့် ဝန်ထမ်းနှင့် မိသားစုဝင်များ သက်သာချောင်ချိစေရန် ရည်ရွယ်၍ ဝန်ထမ်း တစ်ဦးလျှင် ကျသင့်ငွေ ၂၄,၅၆၀ိ/- တန်ဖိုးရှိ မြောင်းမြပေါ်ဆန်းမွှေးဆန် (၄)ပြည်၊ ငါးခြောက်နှင့် ဆီ (၅၀)ကျပ်သားတို့ကို ထောက်ပံ့ပေးအပ်ခဲ့ရာ ဝန်ထမ်း (၉၀)ဦးအတွက် စုစုပေါင်းတန်ဖိုးငွေ ၂,၂၁၀,၄၀၀ိ/-(ကျပ်နှစ်ဆယ့်နှစ်သိန်းတစ်သောင်း လေးရာတိတိ)အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။





### ရန်ကုန်တိုင်းဒေသကြီး

၃၀-၄-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်း ဒေသကြီးရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်မျိုး၏ လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းနှင့် မိသားစုဝင်များ၏ သက်သာ ချောင်ချိရေးအတွက် ၂၀၂၄ ခုနှစ်၊ ဧပြီလအတွက် ဝန်ထမ်းတစ်ဦးလျှင် ငွေကျပ် ၂၅,၀၀၀ိ/- တန်ဖိုးရှိ ဆန် (၃)ပြည်နှင့် ဆီ(၅၀)ကျပ်သားစီအား ဝန်ထမ်း (၁၁၄)ဦး အတွက် စုစုပေါင်း ၂,၈၅၀,၀၀၀ိ/-(ကျပ်နှစ်ဆယ့်ရှစ်သိန်းငါးသောင်းတိတိ)ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## တန်ခူးလပြည့်နေ့တွင် နှစ်ဦးအလှူပြုလုပ်

၂၃-၄-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်း ဒေသကြီးရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်မျိုး၏ လမ်းညွှန်မှုဖြင့် ဝန်ထမ်းများစုပေါင်း၍ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်အတွက် နှစ်ဦးအလှူအဖြစ် သံဃာတော်အရှင်သူမြတ်တို့ အား ဆွမ်း၊ ခဲဖွယ်ဘောဇဉ် ချိုချဉ်သစ်သီးအဖြာဖြာနှင့် ဝတ္ထုငွေတို့ကို ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။



## မီးဖွားစရိတ်နှင့် ကလေးအသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်



၁၁-၄-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူး ဦးယဉ်ကျော့မိုး၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ညွှန်ကြားရေးမှူး ဦးယဉ်ကျော့မိုး၏ဇနီး ဒေါ်နန်းခင်ထွေး ဦးဆောင်သည့်အဖွဲ့သည် တောင်ကြီးမြို့၊ ပန်းလှိုင်ဆေးရုံတွင် မီးဖွားနေသော ဒုတိယစုံစမ်းရေးမှူး ဦးနောင်ရဲနောင်၏ဇနီး ဒေါ်သက်ထားမွန်အား မီးဖွားစရိတ် ၃၀,၀၀၀ိ/-(ကျပ်သုံးသောင်းတိတိ)နှင့် ကလေး အသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ပြီး တွေ့ဆုံအားပေးခဲ့ကြောင်း သတင်း ရရှိပါသည်။

## အန္တရာယ်ကင်းပရိတ်တရားနာယူ

၁၇-၄-၂၀၂၄ ရက်နေ့(မြန်မာနှစ်ဆန်းတစ်ရက်နေ့)တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ စည်းရုံးရေးကော်မတီနှင့် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီတို့၏ စီစဉ်ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးရုံးဝင်းအတွင်း၌ မုံရွာမြို့၊ မြို့သစ်ရပ်ကွက်၊ တော်ဝင်ဘုံစံကျောင်းတိုက်မှ သံဃာတော် (၅)ပါးအား ပင့်ဖိတ်၍ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူခဲ့ကြပြီး လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။



## နုတ်ဆက်ဂုဏ်ပြုလက်ဆောင်ပေးအပ်



၃-၅-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံး၊ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးညိုဝင်း၏ ဦးဆောင်မှုဖြင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံး ဝန်ထမ်းများက သက်ပြည့်အငြိမ်းစားယူသည့် လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်ထွန်းအား နှုတ်ဆက်ဂုဏ်ပြုလက်ဆောင်ပစ္စည်းနှင့် ငွေသား ၁,၅၅၀,၀၀၀ိ/-(ကျပ်တစ်ဆယ့်ငါးသိန်းငါးသောင်းတိတိ)အား ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

## သံဃာတော် (၅၁၀)ပါးတို့အား ဝတ္ထုငွေများလောင်းလှူ

၂၃-၄-၂၀၂၄ ရက်နေ့(တန်ခူးလပြည့်နေ့)တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးညိုဝင်း၊ ဇနီး ဒေါ်ဝါဝါလွင်နှင့် ကော်မတီဝင်များက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူး ကျင်းပပြုလုပ်သော ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဆုတောင်းပြည့်ဆံတော်ရှင် ရွှေမော်ဓော စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်၌ ဘုရားအမှူးပြုသော ဩဝါဒစရိယဆရာတော်ကြီး (၉)ပါး၊ သုံးဂိုဏ်းဝင်သံဃာတော် အရှင်သူမြတ် (၅၁၀)ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲအခမ်းအနားတွင် သံဃာတော် (၅၁၀)ပါးအား ဝတ္ထုငွေ ၅၇၅,၀၀၀ိ/-(ကျပ်ငါးသိန်းခုနစ်သောင်းငါးထောင်တိတိ) လောင်းလှူခဲ့ကြောင်း သတင်းရရှိပါသည်။




## ဆန်၊ ဆီ၊ ဟင်းသီးဟင်းရွက်များ လှူဒါန်း



၂၄-၄-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မွန်ပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူး ဦးမျိုးဇော်ဝင်း၏ လမ်းညွှန်မှုဖြင့် ဦးစီးအရာရှိ(စုံစမ်းရေး) ဦးနေဝင်း ဦးဆောင်သည့် ကော်မတီဝင်များသည် မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်ရှိ ဆင်ဖြူစာသင်တိုက်သို့ ဆန် (၂၄)ပြည် (၁)အိတ်၊ ဆီ (၅)လီတာ (၁)ဘူးနှင့် ဟင်းသီးဟင်းရွက်တို့ အပါအဝင် စုစုပေါင်းတန်ဖိုးငွေ ၃၀၆,၀၀၀ိ/-(ကျပ်သုံးသိန်းခြောက်ထောင်တိတိ)ကို (၁၉၂)ကြိမ်မြောက် လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၂ သိန်း ဖမ်းဆီးရမိ

၁၂-၅-၂၀၂၄ ရက်နေ့ ၁၈၃၀ အချိန်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ဆေခမ်းရပ်ကွက်၊ မြို့ရှောင်လမ်းတွင် အိုက်ခုန်း မောင်းနှင်ပြီး စိုင်းခမ်းရှုန် လိုက်ပါလာသည့် **HONDA CRV** အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်နောက်ခန်းရှိ ဆာလာအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀,၀၀၀ ပြား သိမ်းဆည်းရမိခဲ့သဖြင့် အိုက်ခုန်း (၃၆)နှစ်နှင့် စိုင်းခမ်းရှုန်(၄၅)နှစ်တို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။



## ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ



၁၁-၅-၂၀၂၄ ရက်နေ့ ၁၇၀၀ အချိန်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၃)၊ ကောင်းဆာလမ်းနှင့် လားရှိုး-သိန္နီသွားကားလမ်းမကြီးထောင့်တွင် စိုင်းအွမ်ခမ်း(ခ)အိုက်အွမ် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁,၀၀၀ ပြား သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ၁၇၃၀ အချိန်တွင် လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၃)၊ ကောင်းဆာလမ်းရှိ ၎င်း၏နေအိမ်ကို ဆက်လက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀,၀၀၀ ပြား ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းအွမ်ခမ်း(ခ)အိုက်အွမ်(၂၇)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။

## စုံထောက်အရာရှိသင်တန်းအမှတ်စဉ်(၁၉၅/၂၀၂၄)သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ






၆-၅-၂၀၂၄ ရက်နေ့ ၀၈၀၀ အချိန်တွင် အမှတ်(၂)မှုခင်းရဲတပ်ဖွဲ့ခွဲ(အင်းစိန်)ရှိ လေ့ကျင့်ရေးဌာနခွဲတွင် ဖွင့်လှစ်သည့် စုံထောက်(အရာရှိ)သင်တန်းအမှတ်စဉ်(၁၉၅/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မှုခင်းရဲတပ်ဖွဲ့မှ မှုခင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် စိုးနိုင်ဦး တက်ရောက်၍ သင်တန်းဖွင့်မိန့်ခွန်းပြောကြားခဲ့ပါသည်။ အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မှုခင်းရဲတပ်ဖွဲ့၊ လက်နက်ခဲယမ်းနှင့် ပေါက်ကွဲမှုစစ်ဆေးရေး ဌာနမှ ရဲမှူးကြီး ဇော်သန်း၊ ဌာနခွဲမှူး (လေ့ကျင့်ရေး) ဒုတိယရဲမှူးကြီး ခင်မော်မော်၊ အမှတ်(၂)မှုခင်းရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး မောင်ဖုန်း၊ နည်းပြအရာရှိ (၂၅)ဦးနှင့် သင်တန်းသား/သင်တန်းသူ(၁၂၀)ဦး၊ စုစုပေါင်း(၁၄၅)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

## ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၁၉/၂၀၂၃) သင်တန်းဆင်းအခမ်းအနားပြုလုပ်

ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၁၉/၂၀၂၃) ရဲကျော်စွာတပ်ခွဲ သင်တန်းဆင်း အခမ်းအနားကို ရဲအရာရှိလေ့ကျင့်ရေးကျောင်း ဗဟိုခန်းမ၌ ၁၂-၄-၂၀၂၄ ရက်နေ့ ၀၈၀၀ အချိန်တွင် ကျင်းပပြုလုပ်ခဲ့ရာ ရဲအရာရှိလေ့ကျင့်ရေးကျောင်း၊ ကျောင်းအုပ်ကြီး ရဲမှူးချုပ် ဟန်ထွန်းက ထူးချွန်သင်တန်းသား/သင်တန်းသူများအား ဆုချီးမြှင့်ခြင်း၊ ရာထူးခန့်အပ်လွှာများပေးအပ်ခြင်းများ ဆောင်ရွက်ပြီးနောက် သင်တန်းဆင်းမိန့်ခွန်း ပြောကြားခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ ရဲအရာရှိလေ့ကျင့်ရေးကျောင်းမှ ဒုတိယ ကျောင်းအုပ်ကြီး၊ နည်းပြမှူးချုပ်၊ ဌာနမှူး(လေ့ကျင့်ရေး)နှင့် ဌာနခွဲမှူးများ၊ ဗဟိုမီးသတ်သင်တန်းကျောင်းမှ ဒုတိယကျောင်းအုပ်ကြီး၊ ဒုတိယညွှန်ကြားရေးမှူး၊ အကျဉ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက် ညွှန်ကြားရေးမှူး၊ ကြီးကြပ်အရာရှိများနှင့် သင်တန်းသား/သင်တန်းသူ စုစုပေါင်း ၁၄၆ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။




## ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ PAL Hotel တွင် တရုတ်နိုင်ငံသား(၉)ဦးနှင့် မြန်မာနိုင်ငံသား(၃၈)ဦးတို့အား လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် သက်သေခံပစ္စည်း/ငွေကြေးများနှင့်အတူ ဖမ်းဆီးရမိ





၁၀-၅-၂၀၂၄ ရက်နေ့ ၀၁၃၀ အချိန်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လုံခြုံရေး တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သီရိမင်္ဂလာအိမ်ရာ၊ သီရိမွန်(၁၀)လမ်း၊ အမှတ်(၈)ရှိ **PAL Hotel** တွင် လောင်းကစားဝိုင်း ဖွင့်လှစ်လုပ်ကိုင်နေကြောင်းသတင်းအရ အဆိုပါဟိုတယ်အား သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ကြောင်း၊ ထိုသို့ရှာဖွေစစ်ဆေးခဲ့ရာ အဆိုပါဟိုတယ် ဒုတိယထပ်တွင် လောင်းကစားဝိုင်းတည်ထောင်၍ စီမံခန့်ခွဲလုပ်ကိုင် နေသူ **Mr.Yang Jian** ပါ တရုတ်နိုင်ငံသား အမျိုးသား(၃)ဦး၊ မြန်မာနိုင်ငံသား အမျိုးသား (၁)ဦး၊ အမျိုးသမီး(၁)ဦး၊ လောင်းကစားဝိုင်း၌ အလုပ်လုပ်ကိုင်သူ မြန်မာနိုင်ငံသား အမျိုးသား(၇)ဦး၊ အမျိုးသမီး(၂၄)ဦးနှင့် လောင်းကစားလာရောက်ကစားသူ တရုတ် နိုင်ငံသား အမျိုးသား(၅)ဦး၊ အမျိုးသမီး(၁)ဦး၊ မြန်မာနိုင်ငံသား အမျိုးသား(၃)ဦး၊ အမျိုးသမီး(၂)ဦး၊ စုစုပေါင်း(၄၇)ဦးတို့အား လောင်းကစားပြုလုပ်ရာတွင်အသုံးပြုသည့် ဘူကြီးလောင်းကစားခုံ(၅)ခုံ၊ ပဲကြားလော့ လောင်းကစားခုံ(၂)ခုံ၊ ကုလားသုံးကောင် လောင်းကစားခုံ(၁)ခုံ၊ ငါးပစ်ဂိမ်းလောင်းကစားခုံ(၁)ခုံ၊ ဖဲထုတ်(၂၅၄)ထုတ်၊ ငွေကျပ် ငါးရာမှ သိန်းတစ်ရာထိပါ တိုကင်ပြားများ၊ လက်ကိုင်ဖုန်း(၃၈)လုံး၊ လက်တော့(၂)လုံး၊ **Tablet** (၁)လုံး၊ **All in one** ကွန်ပျူတာ(၁)လုံး၊ လောင်းကစားပြုလုပ်ရာတွင် ငွေအလွှဲ/ အပြောင်းပြုလုပ်ရာ၌ အသုံးပြုသည့် **Bank Account** နံပါတ်များ ရေးသားထားသည့် ကဒ်ပြား(၁)ခု၊ ဖဲချပ်ဖျက်စက်(၁)လုံး၊ ငွေရေတွက်စက်(၁)လုံး၊ **CCTV Recorder** (၁)လုံး၊ လောင်းကြေးငွေ(၃၀၁)သိန်းကျပ်၊ ကား(၁၇)စီးတို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိ ခဲ့ကြောင်း၊ အဆိုပါဖမ်းဆီးရမိသူ **Mr.Yang Jian** ပါ တရုတ်နိုင်ငံသား အမျိုးသား(၈)ဦး၊ အမျိုးသမီး(၁)ဦး၊ ဝင်းမြင့်ထွန်းပါ မြန်မာနိုင်ငံသား အမျိုးသား(၁၁)ဦး၊ အမျိုးသမီး(၂၇)ဦး၊ စုစုပေါင်း(၄၇)ဦးတို့အား မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်နယ်မြေရဲစခန်းတွင် အမှုဖွင့်လှစ် ထားရှိပြီး တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် ငွေကျပ် ၁၀၀ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၅၀၀၀ ကီလို(၅ တန်)ဖမ်းဆီးရမိ

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ၁-၅-၂၀၂၄ ရက်နေ့ ၂၀၃၀ အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ရွာငံ-ဟန်မြင့်မိုရ်သွားကားလမ်း၊ သံရွာအနီးတွင် ရွာငံဘက်မှ ကျောက်ဆည်ဘက်သို့ မင်းမင်းခိုင် မောင်းနှင်ပြီး အောင်ထွန်းနိုင် လိုက်ပါလာသည့် **NISSAN DIESEL** ၁၂ ဘီး ဆီဘောက်ဆာယာဉ်ကို သတင်းအရ ရှာဖွေစစ်ဆေးနေစဉ် ၎င်းတို့ ၂ ဦးမှာ ယာဉ်ပေါ်မှ ခုန်ချထွက်ပြေးသဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရာ မင်းမင်းခိုင်တွင် သေနတ်ဒဏ်ရာ ၁ ချက်ရရှိကာ ၎င်းတို့ ၂ ဦးအား ဖမ်းဆီးရမိခဲ့ပြီး အဆိုပါ ဆီဘောက်ဆာယာဉ်၏ ဆီများထည့်သည့် အကန့် ၂ ကန့် အတွင်းမှ ဒေသကာလတန်ဖိုးငွေကျပ် ၁၀၀ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၅၀၀၀ ကီလို(၅ တန်) သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များအား ရှမ်းပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့သယ်ဆောင်ပြီး ပင်လယ်ရေကြောင်းမှတစ်ဆင့် ပြည်ပသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး



ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်တွင် ငွေကျပ်သိန်း ၇,၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ သိန်း ဖမ်းဆီးရမိ



မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၃-၅-၂၀၂၄ ရက်နေ့ ၁၇၃၀ အချိန်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်၊ ဒုဋ္ဌဝတီတံတားအနီးတွင် ရပ်စောက်ဘက်မှ နောင်ချိုဘက်သို့ ညီညီအောင် မောင်းနှင်လာသည့် **LIGHT TRUCK** မော်တော်ယာဉ်ကို စစ်ဆေးရန်ရပ်တန့်ခိုင်းစဉ် စစ်ဆေးမခံဘဲ အရှိန်တင်မောင်းနှင်ထွက်ပြေးသဖြင့် ပူးပေါင်းအဖွဲ့မှ ပိတ်ဆို့ဖမ်းဆီးခဲ့ရာ နောင်ချိုမြို့နယ်၊ မကျည်းရေကျေးရွာအနီး၊ နောင်ချို-ရပ်စောက်သွားကားလမ်း၊ မိုင်တိုင်အမှတ် ၁၁၇/၃ အနီး လမ်းဘေးရှိ ချောက်အတွင်းသို့ ထိုးကျတိမ်းမှောက်သွားစဉ် ညီညီအောင်အား ဖမ်းဆီးရမိခဲ့ပြီး အဆိုပါယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသည့် ဒေသကာလ တန်ဖိုးငွေကျပ်သိန်း ၇,၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့တွင် ထိန်းချုပ်ဓာတုပစ္စည်း Sodium Cyanide များ ဖမ်းဆီးရမိ

၁၁-၅-၂၀၂၄ ရက်နေ့ ၀၈၃၀ အချိန်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့၊ ဗထူးရပ်ကွက်အနီးတွင် သတင်းအရစောင့်ဆိုင်းနေစဉ် တင်ထွန်းဦး(ခ)ကိုနိုင် မောင်းနှင်ပြီး မိုးကျော်သူ လိုက်ပါလာသည့် ၆ ဘီးမော်တော်ယာဉ်နှင့် ခွန်ကျော်သူ မောင်းနှင်လာသည့် ၆ ဘီး မော်တော်ယာဉ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ အဆိုပါယာဉ် ၂ စီးပေါ်မှ ထိန်းချုပ်ဓာတုပစ္စည်း **Sodium Cyanide** ၁၀၀၀၀ ကီလို(၁၀ တန်) သိမ်းဆည်းရမိခဲ့ပြီး ထိန်းချုပ်ဓာတုပစ္စည်းများ တာဝန်ခံသယ်ဆောင်လာသည့် မိုးဇော် နှင့် စိုးနိုင် တို့အား **TOYOTA LANDCRUISER** မော်တော်ယာဉ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် မိုးဇော်(၄၁)နှစ်၊ စိုးနိုင်(၅၁)နှစ်၊ တင်ထွန်းဦး(ခ)ကိုနိုင်(၂၉)နှစ်၊ မိုးကျော်သူ (၄၀)နှစ်နှင့် ခွန်ကျော်သူ(၃၈)နှစ်တို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။



## ညောင်ဦးမြို့နယ်၊ ရွှေလှပျံ့ရပ်ကွက်၊ ရွှေလုံပျံ့ဘုန်းတော်ကြီးကျောင်းနှင့် တောင်ဇင်းနယ်မြေရှိ ကန်စောင့်ကျေးရွာနှင့် လက်ဝဲကျေးရွာများသို့ သောက်သုံးရေသွားရောက်လှူဒါန်း



မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက် တာဝန်(၄)ရပ်နှင့်အညီဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ငါ့သရောက်နယ်မြေရှိ သောက်သုံးရေလိုအပ်လျက်ရှိသော ရွှေလှပျံ့ရပ်ကွက်၊ ရွှေလုံပျံ့ဘုန်းတော်ကြီးကျောင်းနှင့် တောင်ဇင်းနယ်မြေရှိ ကန်စောင့်ကျေးရွာနှင့် လက်ဝဲကျေးရွာများသို့ ၈-၅-၂၀၂၄ ရက်နေ့၊ ၀၈ ၀၀ အချိန်ခန့်တွင် ငါ့သရောက်နယ်မြေမီးသတ်စခန်းမှ မီးသတ်ရေသယ်ယာဉ်(၁)စီး၊ တောင်ဇင်းနယ်မြေမီးသတ်စခန်းမှ မီးသတ်ရေသယ်ယာဉ်(၁)စီး၊ စုစုပေါင်းမီးသတ်ယာဉ်(၂)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၁၆)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၅)ဦးတို့ဖြင့် စုစုပေါင်း ရေဂါလန် (၉၄၀၀)ခန့် သွားရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အုတ်ပုံဆိပ်လမ်းရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်ဝင်း၌ (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနား ကျင်းပပြုလုပ်





ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၏ (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ၅-၅-၂၀၂၄ ရက်နေ့၊ ၀၉ ၀၀အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အုတ်ပုံဆိပ်လမ်းရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်ဝင်း၌ ကျင်းပပြုလုပ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် သီရိပျံချီစည်သူ ဦးစိုးသိန်းမှ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားခဲ့သည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မီးသတ်တပ်ဖွဲ့ဝင်များက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်အား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုခြင်း၊ မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းရည်သရုပ်ပြသခြင်း၊ ဆီသိုလှောင်ကန်မီးငြိမ်းသတ်ရေး သရုပ်ပြသခြင်း၊ ခေတ်မီ မီးသတ်ယာဉ်/စက်များ၏ စွမ်းဆောင်ရည်များသရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။ ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်မှ အခမ်းအနားတွင် ပါဝင်ခဲ့သည့် မီးသတ်တပ်ဖွဲ့ဝင်များ လုပ်သက် ၂၅ နှစ်ပြည့် အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ သင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့ကြသည့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုများ အသီးသီး ချီးမြှင့်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် သီရိပျံချီစည်သူ ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူနှင့် အရာရှိကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကြက်ခြေနီနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## မီးသတ်ဦးစီးဌာန(ရုံးချုပ်)နှင့် နေပြည်တော်မီးသတ်ဦးစီးမှူးရုံးရှိ တပ်ဖွဲ့ဝင်များအား အခြေခံစားသောက်ကုန် ကြက်သားများထောက်ပံ့ပေးအပ်





ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူမှ မီးသတ်ဦးဌာန(ရုံးချုပ်)၊ နေပြည်တော်မီးသတ်ဦးစီးမှူးရုံး၊ ခရိုင်/မြို့နယ်/နယ်မြေ မီးသတ်စခန်းများမှ အိမ်ထောင်စု (၁၁၅)စု၊ လူပျို/အပျို(၆၆)ဦး၊ စုစုပေါင်းတပ်ဖွဲ့ဝင် (၁၈၁)ဦးတို့အား အခြေခံစားသောက်ကုန်ဖြစ်သည့် ကြက်အကောင်ရေ (၁၀၀)ကောင်အား ၂၇-၅-၂၀၂၄ ရက်နေ့၊ ၁၄၀၀ အချိန် နေပြည်တော်မီးသတ်ဦးစီးမှူးရုံး၌ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ မင်းကြီးလမ်း မြို့နယ်ကော်မရှင်ရုံးရှေ့တွင် သစ်ပင်လဲကျမှုဖြစ်ပွား

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ မင်းကြီးလမ်း မြို့နယ်ကော်မရှင်ရုံးရှေ့တွင် ၉-၅-၂၀၂၄ ရက်နေ့၊ ၁၅ ၁၀အချိန်ခန့်က လုံးပတ်(၃)ပေ၊ အမြင့်(၅၀)ပေခန့်ရှိ ပိတောက်ပင်လဲကျမှုဖြစ်ပွားကြောင်း ၁၅ ၂၀ အချိန် သတင်းရရှိသဖြင့် အင်းစိန်မြို့နယ်မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးယာဉ်(၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၈)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၅)ဦးတို့ဖြင့် ရှင်းလင်းရေးလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ရာ ၁၆ ၂၀ အချိန်ခန့်တွင် လုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့ကြောင်း သတင်းရရှိပါသည်။



## သောက်သုံးရေလိုအပ်လျက်ရှိသော အိမ်ထောင်စုနေအိမ်များသို့ သောက်သုံးရေ သွားရောက်လှူဒါန်း



မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန် (၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ရောဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ ဘဲဂရက်ကျေးရွာ၊ ဖျာပုံမြို့နယ်၊ သမိန်တောကျေးရွာများရှိ သောက်သုံးရေလိုအပ်လျက်ရှိသော နေအိမ်များသို့ ၁၀-၅-၂၀၂၄ ရက်နေ့၊ ၀၈ ၀၀ အချိန်ခန့်တွင် ကန်ကြီးထောင့်မြို့နယ်မီးသတ်စခန်းမှ မီးသတ်ရေသယ်ယာဉ်(၁)စီး၊ ဖျာပုံမြို့နယ် မီးသတ်စခန်းမှ မီးသတ်ရေသယ်ယာဉ်(၁)စီး၊ စုစုပေါင်းမီးသတ်ယာဉ်(၂)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၁၀)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၅)ဦးတို့ဖြင့် စုစုပေါင်းရေဂါလန် (၃၂၀၀)ခန့် သွားရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## ကြံခင်းမြို့၊ အကောက်တောင်ခြေ၊ သောကြာဒူးကျေးရွာအုပ်စု၊ သောကြာဒူးကျေးရွာအနီး ဧရာဝတီမြစ်အတွင်း ကျား(၄)ဦး ရေနစ်သေဆုံးမှုဖြစ်ပွား



ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့၊ အကောက်တောင်ခြေ၊ သောကြာဒူးကျေးရွာအုပ်စု၊ သောကြာဒူးကျေးရွာအနီးတွင် ၂၇-၄-၂၀၂၄ ရက်နေ့၊ ၀၈ ၃၀ အချိန်ခန့်က ဧရာဝတီမြစ်အတွင်းသို့ ကျား(၅)ဦး ရေဆင်းကူးရာမှ ကျား(၄)ဦး ရေနစ်သေဆုံးမှုဖြစ်ပွားကြောင်း ၀၉ ၃၀ အချိန်သတင်းရရှိသဖြင့် ကြံခင်းမြို့နယ်မီးသတ်စခန်းမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၇)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၈)ဦးတို့ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့ရာ ၁၀ ၀၀ အချိန်တွင် ကျား(၄)ဦးအား သေဆုံးလျက်ဆယ်ယူနိုင်ခဲ့ပြီး မေတ္တာမွန်လူမှုကူညီရေးအသင်းမှ သူနာတင်ယာဉ်ဖြင့် အင်ပင်မြို့တိုက်နယ် ပြည်သူ့ဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## မကွေးမြို့နယ်၊ အောင်ရတနာရပ်ကွက်၊ ရန်ဝေးရပ်၊ (၂၀)လမ်း၊ ဇီဇဝါလမ်းထောင့်နှင့် မင်းကံကြီးရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ခရိုင် အား/ကာကွင်းတို့တွင် သစ်ပင်လဲကျမှုဖြစ်ပွား



မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ အောင်ရတနာရပ်ကွက်၊ ရန်ဝေးရပ်၊ (၂၀)လမ်း၊ ဇီဇဝါလမ်းထောင့်နှင့် မင်းကံကြီးရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ခရိုင် အား/ကာကွင်းတို့တွင် ၆-၅-၂၀၂၄ ရက်နေ့၊ ၀၇ ၄၀အချိန်ခန့်က လုံးပတ်(၄)ပေ၊ အမြင့်(၄၀)ပေခန့်ရှိ ပိတောက်ပင်နှင့် လုံးပတ်(၃)ပေ၊ အမြင့်(၃၀)ပေခန့်ရှိ ကုက္ကိုလ်ပင် ခြောက် လဲကျမှုဖြစ်ပွားကြောင်း ၀၉ ၀၆ အချိန်သတင်းရရှိသဖြင့် မကွေးမြို့နယ်မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးယာဉ်(၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၅)ဦးတို့ဖြင့် ရှင်းလင်းရေးလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ရာ ၀၉ ၄၀ အချိန်ခန့်တွင် လုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့ကြောင်း သတင်းရရှိပါသည်။

## မူဆယ်မြို့၊ မြောက်ရပ်ကွက်၊ နယ်မြေ(၁၂)ရှိ နေအိမ်အမိုးလန်မှုဖြစ်ပွား

ရှမ်းပြည်နယ်၊ မူဆယ်မြို့၊ မြောက်ရပ်ကွက်၊ နယ်မြေ(၁၂)တွင် ၁၃-၅-၂၀၂၄ ရက်နေ့၊ ၁၄ ၀၀ အချိန်ခန့်က လေပြင်းတိုက်ခတ်မှုကြောင့် အိမ်ရှင် ဦးကျော်အေး၏ (၁၅×၅၀)ပေ၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်းနေအိမ်အမိုးလန်မှုဖြစ်ပွားကြောင်း ၁၅ ၂၀ အချိန် သတင်းရရှိသဖြင့် မူဆယ်ခရိုင်မီးသတ်စခန်းမှ အုပ်ချုပ်မှုယာဉ်(၁)စီး၊ မီးသတ်စက်ယာဉ်(၁)စီး၊ သူနာတင်ယာဉ်(၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၁၇)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် (၁၁)ဦးတို့ဖြင့် ရှင်းလင်းရေးလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ရာ ၁၇ ၁၀ အချိန်ခန့်တွင် လုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့ကြောင်း သတင်းရရှိပါသည်။



## တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်၊ ဝိန်းကျောက်ဟိုတယ်လမ်း၊ အိမ်အမှတ်(၀က/၂၀၈၅)ရှိ ရေတွင်းတွင် လူတစ်ဦးအသက်ရှုကြပ်မှုဖြစ်ပွား



ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်၊ ဝိန်းကျောက်ဟိုတယ်လမ်း၊ အိမ်အမှတ်(၀က/၂၀၈၅)ရှိ ရေတွင်းတွင် ၁၄-၅-၂၀၂၄ ရက်နေ့၊ ၁၄ ၁၃ အချိန်ခန့်က အိမ်ရှင် ဦးစိုင်းဆိမ် နေအိမ်ရှိ အကျယ်(၅)ပေ၊ အနက်(၃၀)ပေခန့်ရှိ ရေတွင်းအတွင်း ရေမော်တာပြင်ရန်ဆင်းရာမှ ကျား(၁)ဦး အသက်ရှုကြပ်၍ အပေါ်သို့ ပြန်လည်မတက်ရောက်နိုင်မှုဖြစ်ပွားကြောင်း ၁၄ ၁၅ အချိန်သတင်းရရှိသဖြင့် တာချီလိတ်မြို့နယ်မီးသတ်စခန်းမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၆)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၂)ဦးတို့ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများသွားရောက်ဆောင်ရွက်ခဲ့ရာ (၁၄ ၂၅) အချိန်တွင် ကျား(၁)ဦးအား အသက်ရှင်လျက်ကယ်ဆယ်နိုင်ခဲ့ပြီး သူနာတင်ယာဉ်ဖြင့် တာချီလိတ်မြို့နယ်ပြည်သူ့ဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## စစ်ကိုင်းမြို့နယ်၊ တင်းတိပ်ရပ်ကွက်၊ မုံရွာ-မန္တလေးကားလမ်းမကြီးပေါ်တွင် မော်တော်ယာဉ်တိုက်မိမှုဖြစ်ပွား

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ တင်းတိပ်ရပ်ကွက်၊ မုံရွာ-မန္တလေး ကားလမ်းမကြီးပေါ်တွင် ၃-၅-၂၀၂၄ ရက်နေ့၊ ၁၈ ၂၅ အချိန်ခန့်က မုံရွာဘက်မှ စစ်ကိုင်းဘက်သို့ ယာဉ်မောင်း ဦးဝင်းမင်းအောင် မောင်းနှင်ပြီး ကျား(၃)ဦး လိုက်ပါလာသော ယာဉ်အမှတ် **(YGN-26-3F/1319) TOYOTA HILUX SURF** (စိမ်းပုတ်ခဲကြားရောင်)ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲတိမ်းမှောက်မှုဖြစ်ပွားနေကြောင်း ၁၈ ၃၀ အချိန် သတင်းရရှိခဲ့သဖြင့် စစ်ကိုင်းခရိုင်မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးယာဉ်(၁)စီး၊ စစ်ကိုင်းမြို့နယ် မီးသတ်စခန်းမှ မီးသတ်စက်ယာဉ်(၁)စီး စုစုပေါင်း မီးသတ်ယာဉ်(၂)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၁၇)ဦးတို့သည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကယ်ဆယ်ရေးလုပ်ငန်းများသွားရောက်ကူညီဆောင်ရွက်ခဲ့ပြီး အဆိုပါယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါကျား(၄)ဦးအနက် ကျား(၁)ဦး ထိခိုက်ဒဏ်ရာရ(မစိုးရိမ်ရ)အား အိုးဘိုလူမှုကူညီရေးအသင်းမှ သူနာတင်ယာဉ်ဖြင့် စစ်ကိုင်းမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ ကူညီပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရွာသာကြီးရပ်ကွက်၊ အောင်ချမ်းသာလမ်းရှိ သောက်သုံးရေလိုအပ်လျက်ရှိသော အိမ်ထောင်စုနေအိမ်များသို့ သောက်သုံးရေ သွားရောက်လှူဒါန်း

မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရွာသာကြီးရပ်ကွက်၊ အောင်ချမ်းသာလမ်းရှိ သောက်သုံးရေလိုအပ်လျက်ရှိသော နေအိမ်များသို့ ၁၀-၅-၂၀၂၄ ရက်နေ့၊ ၀၈ ၀၀ အချိန်ခန့်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မီးသတ်စခန်းမှ မီးသတ်ရေသယ်ယာဉ်(၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၄)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၂)ဦးတို့ဖြင့် စုစုပေါင်းရေဂါလန် (၅၀၀၀)ခန့် သွားရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။




## ဆင်ပေါင်ဝဲမြို့နယ်ရှိသောက်သုံးရေလိုအပ်လျက်ရှိသော ရွာသစ်ကျေးရွာသို့ သောက်သုံးရေ သွားရောက်လှူဒါန်း



မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်ရှိ သောက်သုံးရေလိုအပ်လျက်ရှိသော ရွာသစ်ကျေးရွာသို့ ၁၀-၅-၂၀၂၄ ရက်နေ့၊ ၀၈ ၀၀ အချိန်ခန့်တွင် ဆင်ပေါင်ဝဲမြို့နယ်မီးသတ်စခန်းမှ မီးသတ်ရေသယ်ယာဉ်(၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၄)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၂)ဦးတို့ဖြင့် စုစုပေါင်းရေဂါလန် (၁၆၀၀)ခန့် သွားရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## သံဖြူဇရပ်မြို့နယ်ရှိ သောက်သုံးရေလိုအပ်လျက်ရှိသော ပငကျေးရွာသို့ သောက်သုံးရေ သွားရောက်လှူဒါန်း

မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်ရှိ သောက်သုံးရေလိုအပ်လျက်ရှိသော ပငကျေးရွာသို့ ၉-၅-၂၀၂၄ ရက်နေ့၊ ၀၈ ၀၀ အချိန်ခန့်တွင် သံဖြူဇရပ်မြို့နယ်မီးသတ်စခန်းမှ မီးသတ်ရေသယ်ယာဉ်(၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၄)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၂)ဦးတို့ဖြင့် စုစုပေါင်းရေဂါလန် (၁၆၀၀)ခန့် သွားရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။




## ၂၀၂၄ ခုနှစ်၊ ဧပြီလအတွင်း မီးလောင်ဆုံးရှုံးမှုနှင့် ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ချက်များ

၂၀၂၄ ခုနှစ်၊ ဧပြီလအတွင်း နိုင်ငံတော်တစ်ဝန်းလုံးတွင် မီးလောင်မှု ၁၅၆ကြိမ် ဖြစ်ပွားခဲ့ပြီး မီးအမျိုးအစားအလိုက် မီးဖိုမီး ၂၂ ကြိမ်၊ ပေါ့ဆမီး ၃၇ ကြိမ်၊ အလိုအလျောက်မီး ၅ ကြိမ်၊ လျှပ်စစ်မီး ၆၁ ကြိမ်၊ မသမာသူရှို့မီး ၁၁ ကြိမ်၊ တောမီး ၁၆ ကြိမ်၊ သောင်းကျန်းသူရှို့မီး ၄ ကြိမ်ဖြစ်ခဲ့ပါသည်။ အိမ်ခြေအဆောက်အဦ ၈၃၆ လုံးတွင် ဂိုဒေါင် ၈ လုံး မီးလောင်ခံရပြီး မီးဘေးသင့်ပြည်သူ ၉၉၂ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ပါသည်။ သေဆုံး ၇ ဦး၊ ဒဏ်ရာရ ၅ ဦးရှိခဲ့ပြီး ငွေကျပ် ၃၄၈ ဒသမ ၂၈၁ သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ ၄ လတာကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မီးအမျိုးအစားအလိုက် မီးဖိုမီး ၁၁၆ ကြိမ်၊ ပေါ့ဆမီး ၁၈၃ ကြိမ်၊ အလိုအလျောက်မီး ၁၀ ကြိမ်၊ လျှပ်စစ်မီး ၂၁၉ ကြိမ်၊ မသမာသူရှို့မီး ၄၃ ကြိမ်၊ တောမီး ၅၇ ကြိမ်၊ သောင်းကျန်းသူရှို့မီး ၂၇ ကြိမ်၊ စုံစမ်းဆဲ ၁ ကြိမ် စုစုပေါင်း ၆၅၆ ကြိမ် ဖြစ်ပွားခဲ့ပါသည်။ အိမ်ခြေအဆောက်အဦ ၂၆၁၇ လုံးတွင် စက်ရုံ/အလုပ်ရုံ ၅ လုံး၊ ဂိုဒေါင် ၂၉ လုံး မီးလောင်ခံခဲ့ရပြီး မီးဘေးသင့်ပြည်သူ ၅၃၂၂ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပါသည်။ မီးလောင်မှုကြောင့် လူ ၂၉ ဦး သေဆုံး၊ ၄၆ ဦး ဒဏ်ရာရရှိကာ တိရစ္ဆာန် ၄၃၆ ကောင်သေဆုံးပြီး ငွေကျပ် ၅၆၆၇ ဒသမ ၄၅၇ သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

မီးလောင်မှုများတွင် "မီးဖိုမီး၊ လျှပ်စစ်မီး၊ ပေါ့ဆမီး"များသည် အများဆုံးတွေ့ရှိရသော အချက်များဖြစ်သည့်အတွက် မီးဖိုမီးကြောင့်ဖြစ်ပွားတတ်သော မီးလောင်မှုများ မဖြစ်ပေါ်စေရေးအတွက် မီးဖိုအနီးလူစောင့်ထားရှိခြင်း၊ လောင်စာဆီများမထားကြရန်နှင့် အိုမင်းမစွမ်းသူများ၊ ကလေးငယ်များအားမီးမွှေးခြင်း၊ ထမင်းချက်ခြင်း၊ ရေနွေးကျိုခြင်းများ မပြုလုပ်ခိုင်းခြင်း၊ မီးဖိုနံဘေးနှင့် အမိုး/နံရံအကြား လုံလောက်သော အပူခံအကာအရံများ ထားရှိစေခြင်းဖြင့် မီးလောင်မှုမှ ကင်းဝေးစေမည်ဖြစ်ပါသည်။ မီးလောင်မှု မဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေးအတွက် မိမိတို့အိမ်တိုင်းတွင် ကနဦးလုပ်ဆောင်ရန် အနေဖြင့် နှစ်ကာလရှည်ကြာ၍ ဟောင်းနွမ်းဆွေးမြည့်နေသည့် လျှပ်စစ်ဝါယာကြိုးများ လဲလှယ်ထားခြင်း၊ လျှပ်စစ်ဒဏ်ခံကြိုး(Fuse)များကို ဝန်နှင့်အား မျှတအောင်သုံးစွဲခြင်း၊ လျှပ်စစ်မီးဖို၊ မီးပူများသုံးစွဲပြီးလျှင်(သို့မဟုတ်)လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားခြင်း၊ လျှပ်စစ်ဝါယာရှော့ဖြစ်လျှင် ပင်မ(မိန်း)ခလုတ်ပိတ်ပြီး ခြောက်သွေ့သော အဝတ်၊ ပိတ်စတို့ဖြင့် ရိုက်ပုတ်ငြိမ်းသတ်ခြင်း၊ ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများ အသုံးမပြုကြရန်နှင့် မီးသတ်ဦးစီးဌာနမှ ထုတ်ပြန်ထားသည့် အချက်များအပေါ် လိုက်နာခြင်းအားဖြင့် မီးဘေးကာကွယ်ရေးအသိဖြင့် ကြိုတင်ဆောင်ရွက်စီမံထားရှိကြမည်ဆိုပါက "ပေါ့ဆမီး"ကြောင့် ဖြစ်ပွားတတ်သော မီးလောင်မှုများ လျော့နည်းစေမည်ဖြစ်ပါကြောင်း သတိပေးအပ်ပါသည်။


၂၀၂၄ ခုနှစ်၊ ဧပြီလအတွင်း တိုင်းဒေသကြီး/ပြည်နယ်များ၌ သဘာဝဘေးအန္တရာယ်ကြောင့် လေပြင်းတိုက်ခတ်မှု ၇ ကြိမ်၊ ယာဉ်တိုက်မှု ၁၅ ကြိမ်၊ ယာဉ်တိမ်းမှောက်မှု ၈ ကြိမ်၊ ရေနစ်မြုပ်မှု ၈ ကြိမ်၊ မိုးကြိုးပစ်မှု ၁ ကြိမ်၊ သစ်ပင်ပြိုလဲမှု ၁၁ ကြိမ်၊ မတော်တဆထိခိုက်မှု ၅ ကြိမ်၊ ဓာတ်လှေကားပိတ်မိမှု ၁ ကြိမ်၊ တိရစ္ဆာန်ကယ်ဆယ်မှု ၁ ကြိမ်၊ ကူညီရှင်းလင်းရွှေ့ပြောင်းမှု ၄ ကြိမ် စုစုပေါင်း ၆၁ ကြိမ် ဖြစ်ပွားခဲ့ပြီး ဒုက္ခသည် ၉၀ ဦးရှိခဲ့ပါသည်။ ထိုကဲ့သို့သော သဘာဝဘေးအန္တရာယ်နှင့် မတော်တဆထိခိုက်မှုဖြစ်စဉ်များတွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ရှိ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်အင်အား ၅၁၅ ဦးနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်အင်အား ၁၆၅ ဦးတို့မှ ကူညီဆောင်ရွက်ပေးခဲ့ပြီး ထိခိုက်မှုကြောင့် သေဆုံးသူ ၃၂ ဦးနှင့် ဒဏ်ရာရရှိသူ ၉၀ ဦးတို့အား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးခဲ့ပါသည်။

**မီးသတ်ဦးစီးဌာန**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းရဲတက္ကသိုလ်သို့ သွားရောက်လေ့လာတက်ရောက်ကာ မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် ယွမ် ၅ သန်းတန်ဖိုးရှိ အကူအညီပေးရေးစာလွှာအား လက်မှတ်ရေးထိုးလဲလှယ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက ချီးမြှင့်ပေးအပ်သော အမြင့်ဆုံးဆုတံဆိပ်ဖြစ်သည့် Golden Great Wall Commemorative Medal ဆုတံဆိပ်အား လက်ခံရယူ ... မှ



၂၅-၄-၂၀၂၄ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးတို့အား ပေကျင်းဝေ့အန်းဟိုတယ်၌ ဂုဏ်ပြုတပ်ဖွဲ့မှကြိုဆိုကြစဉ်



၂၅-၄-၂၀၂၄ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးတို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်

အဆိုပါ အလုပ်သဘောခရီးစဉ်အတွင်း ၂၅-၄-၂၀၂၄ ရက်နေ့၊ နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပေကျင်းရဲတက္ကသိုလ်သို့ သွားရောက်လေ့လာခဲ့သည်။

ထို့နောက် ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်း ဝေ့အန်းဟိုတယ် **(Beijing Rui An Hotel)** ၌ မြန်မာ-တရုတ်နှစ်နိုင်ငံဝန်ကြီးအဆင့် အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ကာ နှစ်နိုင်ငံ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသနေပြည်သူများ ဘေးကင်းလုံခြုံရေး၊ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ အမြစ်ပြတ်ပပျောက်ရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ တရားမဝင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုပပျောက်ရေး၊ နိုင်ငံဖြတ်ကျော်မှုခင်းများကို ပူးပေါင်းတိုက်ဖျက်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတကာမျက်နှာစာတွင် နှစ်နိုင်ငံအပြန်အလှန် ရပ်တည်ရေးတို့ကို ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် ယွမ် ၅ သန်းတန်ဖိုးရှိ အကူအညီပေးအပ်ရေးစာလွှာအား နှစ်နိုင်ငံဝန်ကြီးများက လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။


ဆက်လက်၍ နိုင်ငံရပ်ခြားမှ တရားဥပဒေစိုးမိုးရေးဆိုင်ရာ အရာရှိကြီးများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာနက ချီးမြှင့်ပေးအပ်သော အမြင့်ဆုံးဆုတံဆိပ်ဖြစ်သည့် **Golden Great Wall Commemorative Medal** ဆုတံဆိပ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်၊ ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာန၊ ဝန်ကြီး **H.E. Mr. Wang Xiao Hong** က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်အားပေးအပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ဆုတံဆိပ်အား လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သောအဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာန ဝန်ကြီး **H.E. Mr. Wang Xiao Hong** ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံခဲ့ကြပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာန ဝန်ကြီး **H.E. Mr. Wang Xiao Hong** က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

## မိတ္ထီလာ-သာစည်မြို့ရှောင်လမ်း၊ ညောင်အိုင်ကျေးရွာအုပ်စု၊ ကန်းဘာမြင့်ကျေးရွာအနီး၊ မိုင်တိုင်အမှတ်(၃၁၂/၇)ဖာလုံတွင် မော်တော်ယာဉ် တိမ်းမှောက်မှုဖြစ်ပွား

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာ-သာစည်မြို့ရှောင်လမ်း၊ သာစည်မြို့နယ်၊ ညောင်အိုင်ကျေးရွာအုပ်စု၊ ကန်းဘာမြင့်ကျေးရွာအနီး၊ မိုင်တိုင်အမှတ်(၃၁၂/၇)ဖာလုံတွင် ၅-၅-၂၀၂၄ ရက်နေ့၊ ၀၆ ၃၀ အချိန်ခန့်က မန္တလေးမြို့ဘက်မှ ရန်ကုန်မြို့ဘက်သို့ ယာဉ်မောင်း ဦးအောင်မြတ်မင်း မောင်းနှင်ပြီး ကျား(၁)ဦး၊ မ(၁)ဦး လိုက်ပါလာသော ယာဉ်အမှတ်**(YGN-18-15/3218) CHENG LONG** အမျိုးအစား(အဖြူရောင်) (၂၂)ဘီးယာဉ်သည် ကားရှေ့တွင် ဖြတ်သွားသောနွားကိုတိမ်းရှောင်ရာမှ အရှိန်မထိန်းနိုင်ဘဲ လမ်းညာဘက်ခြမ်းသို့ တိမ်းမှောက်မှုဖြစ်ပွားနေကြောင်း ၀၆ ၅၀ အချိန်သတင်းရရှိသဖြင့် မိတ္ထီလာခရိုင် မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးယာဉ်(၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၁၀)ဦးတို့ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ခဲ့ပါသည်။ အဆိုပါယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ မ(၁)ဦး ထိခိုက်ဒဏ်ရာရ(မစိုးရိမ်ရ)အား မျိုးဆက်သစ်ပါရမီလူမှုကူညီရေးအသင်းမှ သူနာတင်ယာဉ်ဖြင့် မိတ္ထီလာပြည်သူ့ဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား...မှ

တာဝန်ရှိသူတို့ကိုလည်းကောင်း ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုဒိုင်းဆုတို့ကို ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်ထံသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် အမှတ်တရလက်ဆောင် ပေးအပ်ခဲ့ပါသည်။

### ပေးအပ်ချီးမြှင့်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ထူးချွန်ဆုရရှိသူ တစ်ဦး၊ အရာထမ်းငယ် သင်တန်း စံပြဆုနှင့် စစ်ရေးပြထူးချွန်ဆုရရှိသူ တစ်ဦး၊ ရဲသူရိန်တံဆိပ်ရရှိသူ တစ်ဦး၊ စာရေးဝန်ထမ်းသင်တန်း စံပြဆုရရှိသူ တစ်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင် ၃၇နှစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သွေးလှူဒါန်းမှုအကြိမ်ရေ ၁၂၅ ကြိမ်ဖြင့် လူမှုထူးချွန် ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့် ဆုတံဆိပ်များရရှိခဲ့သည့် လက်ထောက်မီးသတ်ဦးစီးမှူး (ငြိမ်း) ဦးမျိုးမင်းတို့ကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ပါသည်။

### ကြည့်ရှုအားပေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် အခမ်းအနားတက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ရှေးဟောင်းမီးသတ်ပစ္စည်းကိရိယာများ၊ ခေတ်မီ မီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ လုပ်ငန်းသုံးစက်ပစ္စည်းကိရိယာများ ခန်းမရှေ့တွင် ခင်းကျင်းပြသထားသည့် ရှေးဟောင်းမီးသတ်ယာဉ်များနှင့် ခေတ်မီ မီးသတ်ယာဉ်များအား လှည့်လည် ကြည့်ရှုကြသည်။



### ဂုဏ်ပြုဖျော်ဖြေ

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-2)၌ ပြုလုပ်သည့် (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့်အတူ တက်ရောက်သည်။ ဦးစွာ မီးသတ်တပ်ဖွဲ့ဝင်များမှ "မွန်မြတ်စိတ်ထား မီးသတ်သမား"သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အမှတ်တရကိတ်ကို ခွဲကြသည်။

ယင်းနောက် ဂုဏ်ပြုညစာသုံးဆောင်နေစဉ်အတွင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ပြည်တော်အေးငြိမ်း မင်္ဂလာဆိုင်းနှင့် ခေတ်ပေါ်တေးဂီတအဖွဲ့တို့၏ တီးခတ်မှုနှင့်အတူ မီးသတ်တပ်ဖွဲ့ဝင်အနုပညာရှင်များက တေးသံသာများ၊ အကအလှများ၊ တေးသရုပ်ဖော်များ၊ မီးဘေးအသိပညာပေး ဟာသတစ်ခန်းရပ်များ၊ တပင်တိုင်အငြိမ့်များဖြင့် စည်ကားစုံလင်စွာ ဖျော်ဖြေတင်ဆက်ကြသည်။ ညစာစားပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က သီဆိုကပြဖျော်ဖြေခဲ့ကြသည့် မီးသတ်တပ်ဖွဲ့ဝင်များကို ဂုဏ်ပြုပန်းခြင်းများနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာအဘ်ဟေးတာကူးရ် (Mr. Abhay Thakur) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာအဘ်ဟေးတာကူးရ် **(Mr. Abhay Thakur)** ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ၁၀-၅-၂၀၂၄ ရက်နေ့၊ ၁၅၀၀ အချိန်တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊ ဌာနကြီးမှူး ယာယီရဲမှူးချုပ် ကျော်ဇေယျတို့မှလည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့်အတူ သံရုံးဒုတိယအကြီးအကဲ မစ္စတာအာရှစ်ရှာမား **(Mr. Ashish Sharma)** နှင့် သံရုံးတာဝန်ရှိသူများမှလည်းကောင်း ပါဝင်တက်ရောက်ခဲ့ကြပါသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာအဘ်ဟေးတာကူးရ် **(Mr. Abhay Thakur)** တို့သည် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်၍ ပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်းသတင်းရရှိသည်။